NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# ၁၃၈၄ ခုနှစ် အတာသင်္ကြန်နှင့် စပ်လျဉ်းသည့် ထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂) ရက်

၁။ အကြမ်းဖက်စစ်အုပ်စုသည် ကုမ္ပဏီဝန်ထမ်းနှင့် CDM လှုပ်ရှားမှုတွင် မပါဝင်သည့် Non-CDM ဌာနဆိုင်ရာ ဝန်ထမ်းများကို အသုံးချ၍ ဖျော်ဖြေရေးမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်များ ပြုလုပ်ကာ ပြည်သူ လူထုက စစ်အုပ်ချုပ်ရေးကို အသားကျသွားပြီး စစ်အုပ်ချုပ်ရေးယန္တရား ပုံမှန်ဖြစ်လေဟန် ယင်းတို့ပိုင် မီဒီယာများမှတဆင့်သင်္ကြန် ပုံရိပ်များ ထုတ်လွှင့်ကာ မြန်မာတစ်နိုင်ငံလုံးကိုသာမက၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအစိုးရများနှင့် ပြည်သူများအားလုံးကို လိမ်ညာလှည့်ဖျားပြီး နိုင်ငံရေးအရ အမြတ်ထုတ်ရန် ကြိုးပမ်းနေပါသည်။

၂။ တစ်ဖက်တွင် အကြမ်းဖက်စစ်အုပ်စုသည် လက်ရှိအချိန် တွင် နိုင်ငံတစ်ဝန်း၌ စီးနင်းဝင်ရောက်ခြင်း၊ ဖမ်းဆီးခြင်းနှင့် ပိတ်ဆို့စစ်ဆေးခြင်းများ လုပ်ဆောင်နေပြီး အတာသင်္ကြန်ကာလ ပျော်ပွဲရွှင်ပွဲများကို အခွင့်ကောင်းယူ၍ အကြမ်းဖက်ဖိနှိပ်မှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်လာနိုင်သည့် အန္တရာယ် ရှိနေပါသည်။

၃။ မြေပြင်လူထုသပိတ်အင်အားစုများ၊ PDF များ အပါအဝင် တော်လှန်ရေးအင်အားစု အများအပြားက ယခုနှစ် သင်္ကြန်ကာလကို တော်လှန်သင်္ကြန်အဖြစ် ပုံဖော်ကြရန်နှင့် သင်္ကြန်ရက်များအတွင်း စစ်အာဏာရှင် ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်နိုင်မည့် နည်းလမ်းများကို အသိပေး ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

၄။ အကြမ်းဖက်စစ်အုပ်စု၏ နိုင်ငံရေး အမြတ်ထုတ်ရန် ကြိုးပမ်းမှုကို ထိထိရောက်ရောက် ချေဖျက်ရန် အရေးကြီးသည်ဖြစ်ရာ အောက်ပါ လှုပ်ရှားမှုများ ပြုလုပ်ကြရန် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (NUCC) က အလေးအနက် တိုက်တွန်းအပ်ပါသည်။

- ပြည်သူလူထုအနေဖြင့် ယခုနှစ်သင်္ကြန်ရက်များအား တော်လှန်သင်္ကြန်အဖြစ် ပုံဖော်ကြရန်နှင့် အကြမ်းဖက်စစ်ကောင်စီ၏ သင်္ကြန် အစီအစဉ်များတွင် လုံးဝမပါဝင်ကြရန်။
- ပြည်တွင်း၊ ပြည်ပ မီဒီယာများနှင့် လူမှုကွန်ရက်များတွင် အကြမ်းဖက်စစ်ကောင်စီ၏ အတာသင်္ကြန် သတင်း များကို အမှောင်ချထားခြင်း (Black Screen Campaign) ဖြင့် ပူးပေါင်း ပါဝင်ကြရန်။
- အနုပညာရှင်များနှင့် အခြားနယ်ပယ် အသီးသီးမှ ထင်ရှားကျော်ကြားသူများ သည်လည်း ပြည်သူလူထု နှင့် လက်တွဲ၍ တော်လှန်သင်္ကြန် လှုပ်ရှားမှုတွင်ပါဝင်ကြရန်နှင့် အကြမ်းဖက် စစ်အုပ်စု၏ သင်္ကြန်အား ဆန့်ကျင်သပိတ်မှောက်ကြရန်။

၅။ အတာသင်္ကြန်ကို ခုတုံးလုပ်ကာ မသမာသည့် နည်းလမ်းပေါင်းစုံဖြင့် နိုင်ငံရေးအရ အမြတ်ထုတ်ရန် ကြိုးပမ်းနေသည့် အကြမ်းဖက်စစ်အုပ်စု၏ ဟန်ဆောင်လိမ်ညာသော လုပ်ရပ်များကို အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) က ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချ လိုက်သည်။

အရေးတော်ပုံအောင်ရမည်။

ဆက်သွယ်ရန်

၁။ ဦးတိုးကျော်လှိုင် - +1 260-240-6792 (Signal)

၂။ ဦးမိုးထက်နေ - +95 9 794 762996 (Signal)